# NSW အစိုးရကျောင်းများရှိ အလားအလာ အလွန်ကောင်းသော ကျောင်းသားများနှင့် ထူးချွန်ကျောင်းသားများအတွက် ပညာရေး - မိဘနှင့် ပြုစုစောင့်ရှောက်သူများအတွက် လမ်းညွှန်ချက်

အလားအလာ အလွန်ကောင်းသော ကျောင်းသားများနှင့် ထူးချွန်ကျောင်းသားများအတွက် ပညာရေး (High Potential and Gifted Education (HPGE)) ဟာ NSW အစိုးရကျောင်းတွေမှာရှိတဲ့ ကျောင်းသားအားလုံးရဲ့ အထူးသင်ကြားရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခြင်းအားဖြင့် ပညာရေးမှာ စိတ်ဝင်စားပြီး စိန်ခေါ်မှု ရှိနေစေအောင် ကူညီပေးပါတယ်။ ဒီပညာရေးဟာ တီထွင်ဖန်တီးမှု၊ ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ကာယပိုင်းနဲ့ လူမှု-စိတ်ခံစားချက်စတဲ့ အလားအလာ နယ်ပယ်(အမျိုးအစား) (၄) ခုကို အဓိကအာရုံစိုက်ထားပါတယ်။

## အလားအလာ နယ်ပယ် (၄) ခု

အလားအလာနယ်ပယ်တွေဆိုတာ လူတွေမှာ ရှိနိုင်တဲ့ အဓိက သဘာဝစွမ်းရည် (၄) မျိုးဖြစ်ပါတယ်။ ဒီစွမ်းရည်တွေဟာ တစ်ခုနဲ့တစ်ခု ထပ်နေလေ့ရှိပြီး စွမ်းရည်တစ်ခုဟာ အခြားတစ်ခုရဲ့ လွှမ်းမိုးမှု ခံရတတ်ပါတယ်။ ဒီနယ်ပယ်လေးခုကတော့ -

**တီထွင်ဖန်တီးနိုင်မှု နယ်ပယ်** - စိတ်ကူးစိတ်သန်း၊ ကိုယ်ပိုင်ဟန်နဲ့ စိတ်ကူးသစ်တွေကို ဖန်တီးအသုံးချနိုင်တဲ့ စွမ်းရည်တွေကို ရည်ညွှန်းပါတယ်။ ကလေးငယ်တွေမှာ ဒီလိုစွမ်းရည်တွေ ရှိတယ်ဆိုတာကို ပုံပြင်ဇာတ်လမ်းတို ရေးသားပုံ၊ သီချင်းရေးဖွဲ့ပုံ၊ ပိုစတာဆွဲပုံ၊ သင်္ချာပုစ္ဆာအတွက် ထူးထူးခြားခြား အဖြေထုတ်ပုံ၊ ဒါမှမဟုတ် ကကွက်ဆန်း ဖန်တီးပုံတွေကို ကြည့်ပြီး သိနိုင်ပါတယ်။

**ဉာဏ်ရည်ဉာဏ်သွေး နယ်ပယ်** - ရှုပ်ထွေးတဲ့ အတွေးအခေါ်တွေကို နားလည်နိုင်မှု၊ ပြဿနာ ဖြေရှင်းနိုင်မှုနဲ့ အသိပညာအား အသုံးချနိုင်မှု စွမ်းရည်တွေကို ရည်ညွှန်းပါတယ်။ ဉပမာ - ကလေးဟာ မြန်မြန်ဆန်ဆန် သင်ယူတတ်မြောက်လွယ်တာ၊ ဒါမှမဟုတ် ဒဿနအမြင်၊ သိပ္ပံပညာ သို့မဟုတ် စာအုပ်တွေကို နက်နက်နဲနဲ နားလည်ကြောင်း ပြသနိုင်တာ ဖြစ်ပါတယ်။

**ကိုယ်ကာယပိုင်းဆိုင်ရာ နယ်ပယ်** - လူသားတွေရဲ့ သွားလာလှုပ်ရှားမှုဆိုင်ရာ သဘာဝစွမ်းရည်တွေကို ရည်ညွှန်းပါတယ်။ ဉပမာ - အားကစား လှုပ်ရှားမှုများ၊ အပ်ချုပ်ခြင်း၊ လက်သမားအတတ်ပညာ၊ ဒါမှမဟုတ် အင်ဂျင်နီယာပညာတို့မှာ တွေ့နိုင်ပါတယ်။ ဒီစွမ်းရည်တွေကို  စာသင်ခန်းနဲ့ ကစားကွင်းတွေအပြင် သင်ရိုးညွှန်းတမ်းပြင်ပ ကျောင်းနဲ့ ရပ်ရေးရွာရေး လှုပ်ရှားမှုတွေနဲ့ ပြိုင်ပွဲတွေမှာလည်း သတိပြုမိနိုင်ပါတယ်။

**လူမှု-စိတ်ခံစားချက်ဆိုင်ရာ နယ်ပယ်** - စိတ်ခံစားချက်တွေကို ထိန်းချုပ်စီမံနိုင်စွမ်းနဲ့ အခြားသူတွေနဲ့ ပေါင်းသင်းဆက်ဆံရေး စွမ်းရည်တွေကို ရည်ညွှန်းပါတယ်။ အတန်းဖော်တွေ၊ ဆရာ၊ ဆရာမတွေနဲ့ မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူတွေနဲ့ ထိတွေ့ဆက်ဆံရာမှာ ဒီစွမ်းရည်တွေကို ထုတ်ဖော်ပြသနိုင်ပါတယ်။ ဉပမာ - ကလေးဟာ ယုံကြည်မှု အလွန်မြင့်မားပြီး အခြားသူတွေကို ဦးဆောင်ရာမှာနဲ့ လက်တွဲလုပ်ဆောင်ရာမှာ တော်ခြင်း၊ ဒါမှမဟုတ် လုပ်ငန်းဆိုင်ရာ စွန့်ဦးတီထွင်မှု စွမ်းရည်တွေကို ပြသနိုင်ခြင်း။

## အလားအလာ အလွန်ကောင်းသော ကျောင်းသားတွေနဲ့ ထူးချွန်ကျောင်းသားတွေကို ကျောင်းက ပံ့ပိုးကူညီမှုပုံစံ

ကလေးတစ်ယောက်နဲ့ တယောက်ရဲ့ အလားအလာဟာ ကွဲပြားနိုင်တာကြောင့် မတူညီတဲ့ ပံ့ပိုးမှုနဲ့ သင်ကြားမှု ပုံစံတွေ လိုအပ်နိုင်ပါတယ်။ ဉပမာ -

**အလားအလာ အလွန်ကောင်းတဲ့ ကျောင်းသားတွေဆိုတာ** အခြားသက်တူရွယ်တူ ကျောင်းသားတွေထက် စွမ်းဆောင်ရည် ပိုမိုမြင့်မားပြီး စိန်ခေါ်မှုတွေ ကြုံရလေ၊ အကျိုးပိုရရှိနိုင်လေ ဖြစ်နိုင်ပါတယ်။

**ထူးချွန်ကျောင်းသားတွေဟာ** အခြား သက်တူရွယ်တူကျောင်းသားတွေနဲ့ယှဉ်ရင် အလွန်မြင့်မားတဲ့ စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားပြီး အခွင့်အရေးရတာနဲ့ ၎င်းတို့ရဲ့ ပင်ကိုယ်ပါရမီဟာ လွယ်ကူလျင်မြန်စွာ ဖွံ့ဖြိုးလာနိုင်ပါတယ်။

**အလွန်ထူးချွန်တဲ့ ကျောင်းသားတွေမှာ** ထူးခြားတဲ့ စွမ်းရည်တွေ ရှိကြပြီး ၎င်းတို့ရဲ့ သင်ယူမှု လိုအပ်ချက်နဲ့ကိုက်ညီအောင် အထူးချိန်ညှိပြင်ဆင်မှုတွေ လိုအပ်နိုင်ပါတယ်။

ကျောင်းတွေဟာ အလားအလာ အလွန်ကောင်းတဲ့ ကျောင်းသားတွေနဲ့ ထူးချွန်ကျောင်းသားတွေကို သင်ကြားမှု ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ အစီအစဉ်တွေလုပ်ပြီး ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

- ကျောင်းသားတွေကို စိန်ခေါ်နိုင်ပြီး လှုံ့ဆော်ပေးနိုင်တဲ့ သင်ခန်းစာတွေ၊
- ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုတွေနဲ့ သင်ရိုးညွှန်းတမ်းပြင်ပ အစီအစဉ်တွေ၊
- စွမ်းဆောင်ရည်တူသော အခြားကျောင်းသားတွေနဲ့ ပေါင်းဖော်ခြင်း၊
- သင့်လျော်သည့်အခါတွင် သင်ကြားမှု အရှိန် တိုးမြှင့်ခြင်း (သင်ရိုးညွှန်းတမ်းကို ပိုမိုမြင့်တင် ပေ ခြင်း) ကဲ့သို့သော အဆင့်မြင့် သင်ကြားရေး လမ်းကြောင်းများ
- စိတ်ခါတ် နဲ့ လူမှုပေါင်းသင်း ဆက်ဆံရေး စွမ်းရည်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်း။

အဓိကရည်ရွယ်ချက်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ၊ ဘာသာစကားများ၊ အနုပညာ၊ အားကစား၊ ခေါင်းဆောင်မှု သို့မဟုတ် အခြားနယ်ပယ်များတွင်ဖြစ်စေ မြင့်မားသောစွမ်းရည်အလားအလာများမှ မြင့်မားသောစွမ်းဆောင်ရည်သို့ ကျောင်းသားများကို ကူညီပေးရန် ရည်ရွယ်ချက်ဖြစ်သည်။

## ကျောင်းသားတိုင်းက တမူထူးကြတယ်

အလားအလာ အလွန်ကောင်းတဲ့ ကျောင်းသားတွေဟာ မသန်စွမ်းမှု နောက်ခံတစ်ခုခု ဒါမှမဟုတ် မတူညီတဲ့ နောက်ခံဘဝနဲ့ ဘာသာစကား မတူညီတဲ့ တဲ့နောက်ခံကနေလာတာ ဖြစ်နိုင်ပါတယ်။ အချို့သူတွေက ကျောင်းမှာ အလွန်တော်ပြီးသား ဖြစ်ပြီး အချို့သူတွေကတော့ အကောင်းဆုံး လုပ်ဆောင်နိုင်ဖို့ ထပ်ဆောင်း အကူအညီ လိုအပ်နိုင်ပါတယ်။ ထူးချွန်ကျောင်းသားတွေဟာ အကူအညီမလိုဘူးဆိုပြီး နားလည်မှု လွဲလေ့ရှိပါတယ်။ ဒါပေမဲ့ အချို့သော ကျောင်းသားတွေဟာ ကျောင်းစာမှာ စိတ်ဝင်စားပြီး တော်နေစေဖို့ အထူးအကူအညီ လိုအပ်နိုင်ပါတယ်။

## သင့်အနေဖြင့် သင့်ကလေးဟာ အလားအလာကောင်းရှိတယ်လို့ မြင်နေခြင်း၊ ဒါမှမဟုတ် ထူးချွန်သူ ဖြစ်တယ်လို့ ယူဆရင် လုပ်ဆောင်ရမည့် အရာများ

သင့်ကလေးဟာ အလားအလာကောင်းရှိတယ်၊ ဒါမှမဟုတ် ထူးချွန်သူဖြစ်တယ်လို့ ထင်နေရင် ဒီကိစ္စကို ကလေးရဲ့ ဆရာ၊ ဆရာမနဲ့ တိုင်ပင်ပါ။ ဆရာ၊ ဆရာမနဲ့ ဆွေးနွေးပြောဆိုတဲ့အခါ နယ်ပယ်လေးခုထဲက အလားအလာကောင်း သို့မဟုတ် ထူးချွန်မှု လက္ခဏာ ဖြစ်နိုင်တဲ့ ကလေးရဲ့လုပ်ဆောင်ချက် နမူနာတွေကို ပြောပြပါ။

ကလေးရဲ့ ပညာသင်ယူမှု၊ ကလေးငယ်တွေနဲ့ပတ်သက်တဲ့ အမြင်သဘောထားတွေကို မျှဝေမှုနဲ့ ကျောင်းနဲ့လက်တွဲလုပ်ဆောင်မှုတွေမှာ ပူးပေါင်းပါဝင်ဖို့ မိဘနဲ့ ပြုစုစောင့်ရှောက်သူတွေဟာ အရေးပါတဲ့ ကဏ္ဍက ပါဝင်နေပါတယ်။

## HPGE မူဝါဒ

အလားအလာ အလွန်ကောင်းသော ကျောင်းသားများနှင့် ထူးချွန်ကျောင်းသားများအတွက် ပညာရေး မူဝါဒကို NSW ပြည်နယ်တစ်ခုလုံးမှာ ရှိတဲ့ အစိုးရကျောင်းတိုင်းမှာ ကျင့်သုံးကြပါတယ်။ ဆရာ၊ ဆရာမတွေအနေနဲ့ အလားအလာ အလွန်ကောင်းတဲ့ ကျောင်းသားတွေနဲ့ ထူးချွန်ကျောင်းသားတွေရဲ့ လိုအပ်ချက်နဲ့ ဖွံ့ဖြိုးတိုးတက် အောင်မြင်ရေး အခွင့်အလမ်းတွေ ဖန်တီးနိုင်မယ့် နည်းလမ်းတွေကို ဆန်းစစ်ဖော်ထုတ်နိုင်ဖို့ ဒီမူဝါဒက ကူညီပေးပါတယ်။

## သတင်းအချက်အလက် ပိုမိုရရှိနိုင်မယ့် နေရာများ

- NSW ပြည်နယ်ရှိ အစိုးရကျောင်းတိုင်းမှာ HPGE လှုပ်ရှားမှုတွေကို လုပ်ဆောင်ကြပါတယ်။ အသေးစိတ် ထပ်မံသိရှိချင်တယ်ဆိုရင် သင့်ကလေးရဲ့ ကျောင်းဝက်ဘ်ဆိုက်မှာ ဝင်ရောက်ကြည့်ရှုပါ။
- အလားအလာ အလွန်ကောင်းတဲ့ ကျောင်းသားတွေနဲ့ ထူးချွန်ကျောင်းသား တွေကို ကျောင်းတွေက ပံ့ပိုးကူညီပုံ နည်းလမ်းတွေနဲ့ ပတ်သက်ပြီး ကလေးရဲ့ဆရာ၊ ဆရာမကို မေးချင်တဲ့ ဆန္ဒ ရှိကောင်း ရှိနေနိုင်ပါတယ်။
- မူဝါဒနဲ့ အရင်းအမြစ်တွေအကြောင်း သိရှိနိုင်ဖို့ ဌာန၏ မြင့်မားသော အလားအလာနှင့် ထူးချွန်သော ပညာရေး ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုပါ။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

အလားအလာ အလွန်ကောင်းသော ကျောင်းသားတွေနဲ့ ထူးချွန်ကျောင်းသားတွေရဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ကလေးရဲ့ ကျောင်းနဲ့ ပြောဆို ဆွေးနွေးရာမှာ စကားပြန် အကူအညီ လိုအပ်တယ်ဆိုရင် 131 450 သို့ ဖုန်းခေါ်ဆိုပါ။ ဖုန်းလက်ခံဖြေဆိုသူကို သင်လိုအပ်တဲ့ ဘာသာစကားကို ပြောပြပြီး ကျောင်းသို့ ဖုန်းခေါ် ခိုင်းပါ။

ဖုန်းလက်ခံဖြေဆိုသူဟာ သင်စကားပြောဆိုရာမှာ ကူညီဖို့ ဖုန်းလိုင်းပေါ်မှာ စကားပြန်တဦး ထားပေးမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှု အတွက် သင့်ဆီကနေ အခကြေးငွေ တောင်းခံမှာ မဟုတ်ပါဘူး။